
ဘာသာပြန် စာရေးဆရာ - 8Black Hands
သက်တန့်ရောင်မိန်းမပျို
(ယွီရှောင်ချောင်း)
(Chapter 589 - 602)
စာစဉ် - ၄၃

## အပိုင်း ၅၈၉
## ရွှေဥဥသော ဒဏ္ဍာရီလာရွှေငန်း

"လွှေ့ကျစ် ဟိုမှာ ခရမ်းရောင် လင်ဇီးမှိုပွင့်တစ်ခု!"

ကြည်လင်သာယာသော အသံလေးတစ်ခုက တောနက်ထဲမှာ ပြန့်လွင့်လာ၏။ ထိုအသံက အနီးနားရှိ ငှက်များကို ထိတ်လန့်သွားစေပြီး လေထဲသို့ ပျံသန်းသွားကြသည်။

ကျူးကျွင်းယန်က ခေါင်းထောင်ကြည့်လျက် ရွှေရောင်ကြောင်ငယ်လေး ခုန်ပြေးသွားရာနောက် လိုက်သွားသည်။ သူက လူများစွာ ဖက်လျှင်ပင် လုံးပတ်မပြည့်နိုင်သော ပင်စည်တုတ်ခိုင်သည့် သစ်ပင်ကြီးပေါ်သို့ ပေါ့ပါးစွာပင် ခုန်လွှားတက်သွားသည်။ တောအုပ်ထဲ၌ ဤသစ်ပင်ကဲ့သို့ ခန့်ညားထည်ဝါသော သက်တမ်းရင့် သစ်ပင်များစွာ ရှိ၏။ သစ်ပင်ထိပ်ဖျားသို့ မျှော်ကြည့်လျှင် ဧရာမ အပေါက်ကြီးတစ်ခု ရှိနေသည်ကို တွေ့ရ၏။ အပေါက်ရှိနေရခြင်းမှာ အရင်က မိုးကြိုး ထိမှန်ခံခဲ့ရသောကြောင့်သို့မဟုတ် အခြားသော အကြောင်းရင်း တစ်ခုခုကြောင့်လားဆိုတာ သူ မပြောနိုင်ပေ။

ရွှေအိုရောင်ကြောင်ငယ်လေးက ထိုအပေါက်ဝ နှုတ်ခမ်းစွန်း၌ ရပ်လျက် သူ့အား ပျင်းရိလေးကန်စွာ လှည့်ကြည့်လာသည်။ သစ်ပင်အပေါက်တွင်းမှ

ထိုးထောင်ထွက်နေသော ခရမ်းရောင် လင်ဇီးမှိုရိုးတံတစ်ခုကို သူ့ရဲ့ လက်ဖဝါးလေးကို သုံးလျက် ညွှန်ပြနေ၏။ သူတို့တောတောင်ထဲသို့ ရောက်ရှိနေသည်မှာ ယခုဆိုလျှင် သုံးရက်ရှိပြီ ဖြစ်ပြီး ဤကြောင်ငယ်လေးက တစ်ခါတစ်ခါ အံ့အားသင့်စေတတ်တာကို ကျူးကျွင်းယန် အသားကျနေပြီ ဖြစ်သည်။ သူ လင်ဇီးမှိုကို သေချာ စစ်ဆေးကြည့်ရှုသောအခါ ခရမ်းရင့်ရောင်ရှိပြီး အတွင်းပိုင်းမှ ဝင်းပနေဟန်ရှိ၏။ ဆေးဖက်ဝင်ပစ္စည်းတွေအကြောင်း များများစားစား မသိတဲ့ သူ့လိုလူပင် ယင်းမှာ သာမန်မဟုတ်ကြောင်း ပြောနိုင်သည်။

သူ့ရဲ့ ဘွတ်ဖိနပ်ထဲမှ ဓားမြှောင်ငယ်ကို ထုတ်ယူပြီး လင်ဇီးမှိုကို သစ်ပင်မှ သစ်သားစလေးနှင့်အတူ ဂရုတစိုက် ဖြတ်ထုတ်လိုက်သည်။ သူ သစ်ပင်ပေါ်မှ ဆင်းလာလာချင်း ရှောင်ချောင်းက အဆောတလျင် ရောက်လာကာ သူ့လက်ထဲမှ ခရမ်းရောင် လင်ဇီးမှိုကို ဂရုတစိုက် ယူလိုက်သည်။ သူမက အလိုလောဘ ပြည့်ဝကာ ပျော်ရွှင်နေသော မျက်နှာဖြင့် သေချာ စူးစမ်းကြည့်ရှုနေသည်။ စူးရန်သည်လည်း ရှိုးတိုးရှန့်တန့်နှင့် တစ်ချက် ကြည့်ပြီး တည်ငြိမ်စွာ ပြောလာသည်

"ဒီခရမ်းရောင် လင်ဇီးမှိုက အနည်းဆုံး သက်တမ်းနှစ်ပေါင်း ရာချီတော့ ရှိလောက်ပြီ ဒီလို ရှားပါးပြီး သက်တမ်းရင့်တဲ့ ဆေးဖက်ဝင်အပင်မျိုးက တန်ဖိုးဖြတ်မရအောင် အဖိုးထိုက်တန်တယ်"

ယွီရှောင်ချောင်းက ရွှင်မြူးတက်ကြွစွာနှင့် သစ်မှိုကို သိမ်းဆည်းပြီးနောက် သူ့အား ပြောလာသည်

"ဒါနဲ့ဆို ပုရောဟိတ်ကြီးရဲ့ သွေးတိုးရောဂါရယ်၊ မြို့စားပေါ်ယန်အိမ်တော်က သခင်မကြီးရဲ့ ခေါင်းကိုက်ဝေဒနာနဲ့ အိုမင်းရင့်ရော်မှုကို လျှော့ချပေးနိုင်တဲ့ အားဆေးအတွက် အဓိက ပါဝင်ပစ္စည်းကောင်းတစ်ခု ရသွားပြီ။

ကောက်ညှင်းဖက်ထုပ်လေး မင်းတော်တယ်"

[ဒီအံ့ဖွယ်ကျောက်တုံးကို ကောက်ညှင်းဖက်ထုပ်လေးလို့ ခေါ်တာရပ်လိုက်ပါတော့ ဒီနာမည်က နိမ့်ကျလွန်းပြီး ငါရဲ့ မှော်အဆင့်အတန်းနဲ့ မလိုက်ဖက်ဘူးကွ!!]

အံ့ဖွယ်ကျောက်တုံးလေးက ရှောင်ချောင်းပေးထားသည့် နာမည်ကို တစ်ဖန် ကန့်ကွက်လာပြန်သည်။ သူငြင်းဆန်နေသော်လည်း ထိုနာမည်မှ မလွတ်မြောက်နိုင်ဘဲ မလှမပ နာမည်ကြီးကြောင့် တကယ်ကို စိတ်ညှိုးနေရ၏။

"ကောက်ညှင်းဖက်ထုပ်လေးဆိုတဲ့နာမည်က ခေါ်လို့ကောင်းပါတယ် ပြီးတော့ အဓိပ္ပာယ်ကောင်းလည်း ရှိတယ်လေ။ လုံးဝန်းချောမွေ့တယ်ဆိုတာက မင်းရဲ့ နတ်ဘုရားမန္တဝါနဲ့ အဆင်ပြေပြေ ချောချောမွေ့မွေ့နဲ့ ပြန်လည်တွေ့ဆုံဆည်းနိုင်မယ်လို့ အထအန ကောက်လို့ရတယ်လေ"

ဒေါသပေါက်ကွဲထွက်တော့မယ့် အံ့ဖွယ်ကျောက်တုံးလေးအား ယွီရှောင်ချောင်းက အမှန်တစ်ဝက်နဲ့သာ ဖြေသိမ့်ချော့မော့လိုက်၏။ ဒီရတနာတစ်ပါးသဖွယ် တောင်တန်းဒေသမှာ ရှားပါးပစ္စည်းများစွာ ရှိနေတာကြောင့် ဆက်လက်ရှာဖွေဖို့ရန်အတွက် အံ့ဖွယ်ကျောက်တုံးလေးကို လိုအပ်သည်။

အံ့ဖွယ်ကျောက်တုံးလေးက သူ့မပခုံးပေါ်တက်ကာ ဆံပင်ကျစ်ထားသည်ကို ဒေါသတကြီးနှင့် ကုတ်ခြစ်လျက် ဆံပင်တွေ ရှုပ်ပွသွားအောင် ပြုလုပ်လိုက်သည်။ သူမဆံပင်တွေ ကြွက်သိုက် ဖြစ်သွားမှသာ သူစိတ်အနည်းငယ်ပြေသွားသည်။

စူးရန်က ရှောင်ချောင်းဆံပင်အား ပွထနေအောင် ပြုလုပ်ဖျက်စီးနေသည့် ကြောင်ပေါက်စလေးကို စူးစိုက်ကြည့်နေ၏။ ဖြစ်ပျက်သမျှအားလုံးက သူ့

အား ဝေခွဲမရဖြစ်စေသည်။ မွေးခါစ ကြောင်ပေါက်လေးနှင့် သိပ်ပြီး မကွာခြားလှသော သာမာန်လို့သာ ထင်ရတဲ့ ကြောင်လေးက ဤကဲ့သို့သော အံ့သြဖွယ်ကောင်းတဲ့ အရာတွေကို ဘယ်လိုများ လုပ်နိုင်ရတာလဲ။ ရှောင်ချောင်းပြောတာ တကယ် မှန်သည့်ပုံပင်။ ဒီကြောင်လေးမှာ တန်ဖိုးကြီးဆေးဖက်ဝင်အပင်တွေ ရှာဖွေနိုင်တဲ့ ထူးခြားလှတဲ့ စွမ်းရည်ရှိသည်။

သူတို့တွေ တောတောင်ထဲ ရောက်ရှိနေသည်မှာ သုံးရက်ရှိပြီ ဖြစ်၏။ ပထမဆုံးနေ့မှာ အာရှမြက်ဖားတစ်ကောင် တွေ့ခဲ့တဲ့အပြင် ဒုတိယနေ့မှာလည်း နှစ်တစ်ရာသက်တမ်းရှိတဲ့ ဂျင်းဆင်းမြစ်နှစ်ခု ရရှိခဲ့သည်။ ယခု ဒီနေ့မှာလည်း နှစ်ရာချီ သက်တမ်းရှိ ခရမ်းရောင်လင်ဇီးမှိုတစ်ခု ရယူနိုင်ခဲ့သည်။ ဒီဆေးမြစ်တွေထဲက တစ်ခုသာ အပြင်ကို ပေါက်ကြားသွားခဲ့ပါလျှင် လူတွေ ရယူနိုင်ဖို့ရန်အတွက် အလုအယက်ကြိုးစားကြရင်း အုတ်အော်သောင်းနင်း ဖြစ်ကုန်လိမ့်မည်။

"မိန်းကလေး မင်းပြန်တဲ့အခါကျရင် မင်းရဲ့ကြောင်လေးကို သေချာလုံခြုံအောင် ဝှက်ထားဖို့လိုတယ်။ ကြောင်ငယ်လေးက ရွှေဥဥတဲ့ငန်းလိုမျိုး တကယ့် ရတနာတစ်ပါးပဲ"

ပိုက်ဆံဘယ်လောက် ပုံပေးပေး စိတ်မလှုပ်ရှားစေနိုင်ဘူးဟု ယူဆထားသော စူးရန်ကိုယ်တိုင်သည်ပင် ဒီအကောင်လေးရဲ့ စွမ်းဆောင်နိုင်စွမ်းတို့ဖြင့် ဆွဲဆောင်ခြင်းခံလိုက်ရသည်။

[မင်းကမှ ငန်းမကြီး မင်းမိသားစုတစ်ခုလုံးကလည်း ငန်းမတွေချည်းပဲ!!]

ရွှေရောင်ကြောင်လေးက ပြန်လည် စိတ်တိုလာပြီး စူးရန်ဆီသို့ ကျည်ဆံတစ်တောင့်လို ပြေးထွက်သွားသည်။ သူ့ရှေ့က လူကို သူဖုန်းစားဝတ်စုံနှင့်ဖြစ်သွားအောင် ဝှစ်ဝှစ်နဲ့ လက်သည်းဖြင့် ကုတ်ခြစ်ရန် ကြိုးပမ်းတော့သည်။

ကံကောင်းစွာနှင့် စူးရန်က ကိုယ်ခံပညာ တတ်ကျွမ်းတာမို့ ကြောင်လေးက တိုက်ခိုက်တာကို ခက်ခက်ခဲခဲ ခုခံကာဆီးနိုင်လိုက်ပြီး ရှောင်ချောင်းက အမြန်ပြေးသွားကာ သူမရဲ့ ကြောင်လေးကို အမြန် လှမ်းပွေ့ချီ၍ ပြန်ခေါ် လိုက်ရသည်။ ဤသို့နှင့် စူးရန်တစ်ယောက် သူ့ရဲ့အဝတ်အစားတွေ ဆုတ်ဖြဲဖျက်ဆီးခံရခြင်းမှ လွတ်မြောက်သွားခဲ့သည်။ ဒီအကောင်လေးက တကယ် လျင်လွန်းသည်။ သူ့တစ်ဘဝလုံး တွေ့ကြုံလာခဲ့ရသည့် ပုန်းဝှက်နေသော တိုက်ခိုက်ရေးလက်နက်တွေထက်ပင် သူ့ကို တားဆီးရသည်က ပိုမို ခက်ခဲ၏။

စူးရန်တစ်ယောက် ရှောင်ချောင်းလက်ထဲမှ လက်သည်းတဝင့်ဝင့်နှင့် ကြောင်ငယ်လေးကို စိုက်ကြည့်ရင်း ကြောက်စိတ်တို့ ရစ်ဝဲလာသည်ကို ခံစားလိုက်ရသည်။ သူ ဒီကောင်ငယ်လေးကို ဘယ်လိုများ အပြစ်ပြုမိလိုက်လဲ ဆိုတာ တကယ် မသိပါပေ။ စောနက သူ့ရဲ့စွမ်းဆောင်ရည်ကို ချီးမွမ်းနေတယ်ဆိုတာ အရှင်းကြီးပဲကို။

"ဒီအကောင်လေးက ဆယ်ကျော်သက်တစ်ယောက်နဲ့ ယှဉ်နိုင်လောက်အောင်ကို ဉာဏ်ကောင်းပြီး တကယ် ထက်မြက်တယ်။ စောနက သူ့ကို ရွှေဥဥတဲ့ ငန်းဆိုပြီး ငန်းတစ်ကောင်နဲ့ နှိုင်းလိုက်လို့ စိတ်ဆိုးသွားတာ"

ကျူးကျွင်းယန်က တခြားလူတစ်ယောက် ကံမကောင်းတာကို ဘေးမှ ပြုံးပြုံးကြီးနှင့် စိတ်ကျေနပ်နေသည်။

ခုနက ကောက်ညှင်းဖက်ထုပ်လေး စိတ်ဆိုးဒေါသူပုန်ထနေချိန်မှာ သူနဲ့ နီးနီးလေးမှာ ရှိနေပေမဲ့ ကူညီရန်အတွက် လက်တစ်ချောင်းပင် မကြွခဲ့။ အထိန်းတော်ခေါင်းဆောင်စူးကို မျက်စိဆံပင်မွေးစူးနေခဲ့သည့်အတွက် နောက်ဆုံးမှာ ထိုလူ ဟန်ပျက်နေသည့် ပုံပန်းကို မြင်တွေ့လိုက်ရသည်က တန်သည်။

စူးရန်သည် နားမလည်နိုင်စွာနှင့် ခေါင်းခါလျက် ပြောသည်

"ဒီကြောင်က တကယ်ပဲ ဘာမျိုးစိတ်များလဲ တော်တော်လေး အနံ့ခံ ကောင်းရုံတင် မကဘဲ လူစကားကိုတောင် နားလည်နိုင်တယ်။ မိန်းကလေး ရဲ့ အိမ်မွေးကြောင်သာ မဟုတ်ရင် သေချာ ပိုစူးစမ်းကြည့်နိုင်အောင်လို့ လုယူမိမှာ အမှန်ပဲ"

"ဆရာစူး သဘောကျတယ်ဆိုရင် နောက်ရက်အနည်းငယ်လောက် ငှား ပေးလိုက်လို့ ရပါတယ်။ ကောက်ညှင်းဖက်ထုပ်လေးက သူ့ဘာသာ အမဲ လိုက်နိုင်ပြီး ဂရုစိုက်ရလွယ်တယ်။ ရှင်ဘာမှ လုပ်ပေးစရာ မလိုဘူးဆိုပေ မယ့် သူက အဆော့မက်တော့ တစ်ခါတလေ လဝက်လောက်ကြာအောင် ရက်ဒါဇင်ချီပြီး ထွက်သွားတတ်သေးတာ။ သူက အတော်လေးလည်း ရိုင်း တယ်"

ယွီရှောင်ချောင်းက ကြောင်ငယ်လေးအား သူမလက်နှစ်ဖက်နှင့် ဆက်လက် ပွေ့ချီထားပြီး စူးရန်ကို ရှင်းပြသည်။

အံ့ဖွယ်ကျောက်တုံးလေးက သူ့မျက်နှာပေါ်မှာ မကျေနပ်သည့် အမူအရာ နှင့် လက်သည်းထုတ်ပြလျက် ဆန့်ကျင်နေသည်

[လက်မခံဘူး ဒီအံ့ဖွယ်ကျောက်တုံး သပိတ်မှောက်တယ် ငါတို့ရှေ့က သိပ် အလှမ်းမဝေးတော့တဲ့ နေရာမှာ နှစ်တစ်ထောင်ကျော်သက်တမ်းရှိတဲ့ ဂျင်း ဆင်းမြစ်တစ်ခု ရှိတယ်။ ငါ အစကတော့ မင်းအတွက် ရှာပေးမလို့ပဲ အခု တော့ ဟွန်း ဟွန်း! မရတော့ဘူးကွ ကိုယ့်ဘာသာ ဒုက္ခခံတော့!]

"အိုက်ယား အဲ့လောက်ကြီး သဘောထားမသေးပါနဲ့ ဆရာစူးက လောဘကြီးပြီး စိတ်သဘောထား မဖြူတဲ့သူ မဟုတ်ပါဘူး။ သူက မင်း အကြောင်း သိချင်ရုံတင်ပါ မင်းကို ဘာမှလုပ်မှာ မဟုတ်ပါဘူး"

ယွီရှောင်ချောင်းက သူ့ရဲ့ အမွေးပွပွခန္ဓာကိုယ်လေးကို သူမပါးနှင့် ကပ်လျက် နူးညံ့စွာ ပွတ်သပ်ပေးသည်။ သူမက အံ့ဖွယ်ကျောက်တုံးလေးနှင့် စိတ်ထဲမှ ချိတ်ဆက်၍ နူးညံ့ချိုသာစွာ ဖျောင်းဖျပြောဆိုသည်။

[မင်းက မျက်နှာပန်းလှဖို့ အသားကုန် ကြိုးစားနေတော့တာပဲ အဲ့ဒီလူက အာဏာအတော် ရှိပြီး ကိုယ်ခံပညာ ကျွမ်းကျင်ပေမယ့် ဒီအံ့ဖွယ်ကျောက်တုံးရှေ့မှာတော့ ဘာမှမဟုတ်ပါဘူး။ ဒီကျောက်တုံးရဲ့ လက်ရှိအစွမ်းနဲ့ဆိုရင် လက်လေးတစ်ချောင်း ဆန့်လိုက်ရုံနဲ့ သူ့ကို ဘေးဖယ်ထားလို့ ရတယ် သူ့ဆီက မျက်နှာသာပေးခံရဖို့ မင်းကိုယ်မင်း နှိမ့်ချနေစရာ မလိုဘူး!]

အံ့ဖွယ်ကျောက်တုံးလေး၏ ရွှေအိုရင့်ရောင် မျက်လုံးတို့က နတ်ဆိုးဆန်ဆန် အရိပ်အရောင်တို့ လက်သွားသည်။

စူးရန်က ရွှေရောင်ကြောက်ပေါက်စလေး၏ မလိုမုန်းထားမှုက သူ့ဆီသို့ ထုတ်လွှတ်နေပြီး အန္တရာယ်ကြီးတစ်ခု ချဉ်းကပ်လာနေသလို ခံစားလိုက်ရသည်။ သူက ခြေလှမ်းအနည်းငယ် နောက်သို့ အမြန် ဆုတ်လိုက်ပြီး မကောင်းသည့် ရည်ရွယ်ချက်တို့နှင့် ပြည့်နေသော ကြောင်လေး၏ မျက်လုံးတို့ကို သတိနှင့် စူးစိုက်ကြည့်လိုက်သည်။

"အဲ့ဒီကိစ္စကို ထားလိုက်ပါ ငါ ဒီလိုဂုဏ်သရေမျိုးကို လက်ခံနိုင်မယ် မထင်ဘူး။ သူက မင်းအတွက်ပဲ ဒီလိုလုပ်ပေးတယ်ဆိုတာ ငါအတပ် ပြောနိုင်ပါတယ်။ တစ်ယောက်ယောက်က ခေါ်ဖို့ ကြိုးစားရင် ပုန်ကန်ပြီး ထိန်းရမှာ မဟုတ်ဘူး။ တော်ဝင်မင်းသားယန် စမ်းကြည့်ချင်လား"

"ဒီမင်းသားက အထိန်းတော်ခေါင်းဆောင်စူးလောက် ဂုဏ်ရာထူးမကြီးပါဘူး လူကြီးမင်းတောင် ကြောင်လေးရဲ့ ခါးခါးသီးသီး ငြင်းပယ်တာကို ခံရမှတော့ ဒီမင်းသားက စမ်းမကြည့်ရဲပါဘူး"

ကျူကျွင်းယန်က ရှောင်ချောင်းလက်ထဲမှ မာန်ဖီနေသော ကြောင်ငယ်

လေးကို တစ်ချက်ကြည့်လျက် ကြောက်ရွံ့နေသော အမူအရာတစ်ခု လစ်ဟပြလာသည်။

[မင်းကြည့်ရတာ ပရိယာယ်ကြွယ်ပုံပဲ]

အံ့ဖွယ်ကျောက်တုံးလေးရဲ့ အသံက သူ့စိတ်ထဲ၌ ရုတ်တရက် ပေါ်လာပြီး ကျူးကျွင်းယန်အား အရိုးထဲထိ ထိတ်လန့်တုန်လှုပ်သွားစေသည်။ သူရှိရာသို့ စူးရန် ကြည့်နေသည်ကို ခံစားမိသောအခါ အမြန်ပဲ အမူအရာကို ပြင်လိုက်ပြီး ဘာမှမဖြစ်ဟန်ဆောင်နေလိုက်သည်။

"အာဝူး...."

ရင်းနှီးနေသော အူသံကို ကြားလိုက်ရပြီး များမကြာမီမှာပဲ မဲလုံးလေး၏ ကြီးမားတောင့်ခိုင်သော ကိုယ်ခန္ဓာက လူအုပ်ရှေ့သို့ ရုတ်တရက် ပေါ်ထွက်လာသည်။ ဒီကောင်လေးက သူ့သခင်ကို မြင်လျှင်မြင်ချင်း ခွေးမဲအကြီးကြီးတစ်ကောင်ကဲ့သို့ ပြုမူတော့သည်။ သူ၏ ပွရောင်းသော အမဲရောင်အမြီးကို မြှောက်ရင်း စိတ်လှုပ်ရှားစွာနှင့် ရှေ့နောက်ဝှေ့ယမ်းနေ၏။ အရင်တုန်းက တုန်ရှန်းရွာထဲရှိ တခြားသော ခွေးတွေနှင့် အချိန်အကြာကြီး အတူရှိနေခဲ့တာကြောင့် ခွေးနှင့်တူသောအကျင့်တွေ ကူးစက်နေခဲ့သည်။

မဲလုံးလေးက ဂုဏ်ယူဝင့်ကြွားစွာဖြင့် သူ့ပါးစပ်ထဲမှ အရာကို ရှောင်ချောင်းရှေ့သို့ ဂရုတစိုက် ချပြသည်။ လူတိုင်းက ထိုအရာကို စူးစိုက်ကြည့်လိုက်သောအခါ အံ့အားသင့်သွားကြသည်။ ထိုအရာမှာ ဝံပုလွေတစ်ကောင် ဖမ်းလေ့ရှိသော သားကောင်မဟုတ်ဘဲ လူတစ်ယောက်၏ လက်မအရွယ်ရှိသော ဂျင်ဆင်းမြစ် ဖြစ်နေခြင်းပင်။ ဂျင်းဆင်းမြစ်ပေါ်၌ လက်ဆက်နေသေးသော ဖုန်မှုန့်တွေပင် ရှိနေသေးသည်။

လတ်တလော သက်တမ်းရင့် ဂျင်ဆင်းကို ရှာတွေ့တာကြောင့် လူတိုင်း၏ ချီးမွမ်းခံရကာ သူလည်း အပြစ်မပြုရဲသော ကြောင်ငယ်လေးကို မဲလုံးလေး

က မြင်ပြီး အားကျ ဝန်တိုနေဟန်တူသည်။ သူသည် သားကောင်တွေ အမဲလိုက်တာ ရပ်တန့်ဖို့ ဆုံးဖြတ်လိုက်ပြီး ဆေးဖက်ဝင်သစ်မြစ်တွေ စတင် တူးတော့သည်။ မျှော်လင့်မထားဘဲ တကယ့် ဂျင်းဆင်းမြစ်တစ်ခု ရှာဖွေတွေ့ရှိခဲ့၏။

ဒီဂျင်းဆင်းက သက်တမ်း သိပ်မရင့်သေးပေမယ့် တောင်တန်းဆီမှ အရှေ့မြောက် ဂျင်းဆင်းမြစ် စစ်စစ်တစ်ခုပင် ဖြစ်သည်။ ထို့အပြင် ဒီကောင်လေးက အတော်လေး စေ့စပ်သေချာပြီး ဆေးမြစ်၏ အစိတ်အပိုင်းတစ်ခုပင် မကျိုးပဲ့စေခဲ့ပေ။ သို့သော်လည်း မဲလုံးလေး၏ နှာခေါင်းနှင့် ပါးစပ်တို့က ယခုအခါမှာ မြေကြီးအလိမ်းလိမ်း တက်နေတော့သည်။ သူ့ရဲ့ ဖော်လံဖားအကျင့်စရိုက်နှင့် တွဲယှဉ်ကြည့်ပါက အတော်ပင် ရှုးကြောင်ကြောင်နိုင်လှ၏။

ပါးစပ်ထဲမှာ ခါငှက်ကြီးတစ်ကောင် ကိုက်ချီထားသော ဖြူလုံးလေး၏ မျက်နှာပေါ်တွင်မူ မနှစ်မြို့သည့် အမူအရာ အထင်းသားနှင့် ဒီပေါတောတော ကောင်ငယ်လေးအား သူ့ရဲ့ညီအရင်းအဖြစ် အသိအမှတ် မပြုချင်သယောင်ပင်။

ယွီရှောင်ချောင်းက သူမ၏ ရယ်ချင်စိတ်ကို ချုပ်ထိန်းလျက် မဲလုံးလေး၏ မျက်နှာပေါ်မှ ဖုန်အညစ်အကြေးတို့ကို ကူညီသုတ်ဖယ်ပေးလိုက်သည်။ သူ့ရဲ့ ကြီးမားသောခေါင်းကို ပွတ်သပ်ပေးလျက် လှိုက်လှိုက်လှဲလှဲ ချီးမွမ်းလိုက်သည်

"မဲလုံးလေးက တကယ်ကို အရည်အချင်းရှိတာပဲ ဂျင်းဆင်းရှာနည်းကိုတောင် မြန်မြန် လေ့လာသင်ယူနိုင်စွမ်း ရှိတယ်။ ဒီည မင်းရဲ့အစာထဲမှာ ကြက်ပေါင်တစ်ပေါင် အပိုထည့်ပေးမယ် ဟုတ်ပြီလား"

မဲလုံးလေး သူ့ရဲ့ပါးစပ်ကို အကျယ်ကြီး ဖွင့်ဟနေသည်က နားရွက်ချိတ်မ

တပ် ပြုံးနေသည့်အတိုင်းပင်။ သူ့ရဲ့ လက်ဖဝါးတွေကို အသုံးပြုပြီး သူတူး လာသော ဂျင်းဆင်းမြစ်ကို အသာအယာ တွန်းပို့ပေးကာ သူ့သခင်အား ဂျင်း ဆင်းကို အမြန်သိမ်းရန် ပြော၏။ သူက ဖြူလုံးလေးအား ဂုဏ်ယူဝင့်ကြွားမှု အပြည့်ရှိသည့် အကြည့်တစ်ချက် ပစ်လွှတ်လိုက်သည်က

'အား မင်းဘယ်လောက်တော်ကြောင်း အမြဲကြွားဝါနေတာမလား ခါ့ငှက် တစ်ကောင် ဖမ်းမိတာ ဘာလုပ်ရမှာလဲ ခုကြည့်လေ သခင်က ဒီည ငါ ကြက်ပေါင်တစ်ခု ပိုစားရမယ် ပြောလိုက်ပြီ မင်းကတော့ ဘာမှစားရမှာ မဟုတ်ဘူးကွ" ဟု ပြောနေသည့်အတိုင်းပင်။

စူးရန်က ထိုဝံပုလွေရဲ့ အမူအရာတို့မှတစ်ဆင့် ဘာတွေးနေသည်ဆိုတာ ကို ပြောနိုင်တာမို့ မနေနိုင်ဘဲ ရယ်ချလိုက်မိသည်

"ကောင်မလေး မင်းမွေးထားတဲ့ တိရစ္ဆာန်တွေ အားလုံးက မင်းနဲ့တူတယ် လို့ ခံစားမိတယ် အလုပ်ကြိုးစားပြီး တော်တော်လေး စိတ်ဝင်စားဖို့ ကောင်း ကြတာပဲ"

"ကျွန်မ အဲ့လို ချီးကျူးမှုမျိုးကို တကယ် မလိုပါဘူးနော် ဟုတ်ပြီလား"

ယွီရှောင်ချောင်းက ဂျင်ဆင်းကို ထုတ်ပိုးသိမ်းဆည်းလိုက်၏။ သူမ အဲ့တာ ကို ဈေးမြင့်မြင့်နှင့် မရောင်းချနိုင်သော်လည်း ဂျင်ဆင်းခေါင်းလျှော်ရည်၊ ဆံပင်ပေါင်းဆေးနှင့် အသားအရေထိန်းသိမ်းရေး ပစ္စည်းတစ်ချို့ ပြုလုပ်ရ မှာ ထည့်သွင်း အသုံးပြုနိုင်သေးသည်။ ဘာပဲဖြစ်ဖြစ် ဂျင်ဆင်းက အတော် လေး အသုံးဝင်သည့်အရာ ဖြစ်သည်။

[ဝံပုလွေတစ်ကောင်နဲ့ နည်းနည်းလေးမှ မတူဘူး အား သိပ်ရှက်ဖို့ ကောင်းတာပဲ!]

အံ့ဖွယ်ကျောက်တုံးလေးက မဲလုံးလေး၏အပြုအမူတွေကို အောက်ကျ

သည် ထင်သောကြောင့် မဲလုံးလေးကို ဒေါကန်မိသည်။ ထို့ကြောင့် ဘဝင်မြင့်စွာပဲ ကောက်ချက်ချသည်

[ဒီအံ့ဖွယ်ကျောက်တုံးက ဒီရှုးကြောင်ကြောင် သေမျိုးတွေနဲ့ အငြင်းပွားနေမှာ မဟုတ်ဘူး။ သွားကြစို့ ငါ မင်းကို အဲ့ဒီ နှစ်တစ်ထောင်ဂျင်ဆင်းရှိတဲ့ဆီ ခေါ်သွားပေးမယ်!]

ယွီရှောင်ချောင်းက ရှင်မြူးဝမ်းမြောက်သွားသည်ကို ထိန်းမထားနိုင်ခဲ့ပေ။ သူမ၏မျက်လုံးတို့က စူးရန်နှင့် ကျူးကျွင်းယန်တို့၏ အံ့အားသင့်နေသောအကြည့်တို့အောက်မှ ရှောင်လွှဲလိုက်ကာ သဘာဝမကျစွာနှင့် အနည်းငယ်ပြုံးပြလိုက်သည်။ သူမက လက်ထဲမှ ရွှေရောင်ကြောင်ငယ်လေးကို လက်ညှိုးထိုးပြလျက် ရှုံးတိုးရှုံ့တန့် ပြောပြသည်

"ကောက်ညှင်းဖက်ထုပ်လေးက နောက်ထပ် ဂျင်ဆင်းမြစ်တစ်ခု အနံ့ခံမိတဲ့ပုံပဲ ကျွန်မလက်ထဲက ရုန်းထွက်ဖို့ ဇွတ်အတင်းကြိုးစားနေတာ"

"ဒါဆို လွှတ်ပေးပြီး ဆေးမြစ်ရှိရာဆီ ခေါ်သွားခိုင်းလိုက်လေ"

ကျူးကျွင်းယန်က အံ့ဖွယ်ကျောက်တုံးလေးက သူမကို တစ်ခုခု ပြောလိုက်တာကြောင့် သူ့ကောင်မလေး ဒီလို တုံ့ပြန်လာတယ်ဆိုတာကို သိတာမို့ သူမ ဒီအခြေအနေကနေ ရှောင်လွှဲနိုင်အောင် ကူညီပေးလိုက်သည်။

"ကောင်မလေး ဒီတစ်ခါ ငါတို့ထွက်လာတော့ အစက အမဲလိုက်ဖို့ စီစဉ်ထားတာပါ ကြည့်ရတာ မင်းရဲ့ ဆေးဖက်ဝင်ပစ္စည်းတွေ ကူညီရှာဖွေတဲ့ ခရီးစဉ်အဖြစ် ပြောင်းသွားပြီထင်ပါရဲ့ အခုကို အတော်များများ ရှာတွေ့နေပြီ ပြီးရင် ငါတို့ကိုလည်း နည်းနည်းလောက် ပေးဖို့ မမေ့နဲ့ဦးနော်"

စူးရန်က လူနှစ်ယောက်ကို အပြန်ပြန်အလှန်လှန် ကြည့်ရင်း အရွှန်းဖောက် ပြောလိုက်သည်။

ယွီရှောင်ချောင်းက ပိုက်ဆံကို အလွန်ချစ်မြတ်နိုးသော်လည်း သဘောထား သေးသိမ်သူတစ်ယောက် မဟုတ်ပေ။ သူမက ရက်ရောစွာ ပြောလိုက်သည်

"စိတ်မပူပါနဲ့ ပြန်ရောက်ရင် ကျွန်မကိုယ်တိုင် အာဟာရဓာတ် ဖြည့်စွမ်းနိုင်ပြီး လှပစေတဲ့ဆေး ပြုလုပ်ပေးပါ့မယ်။ ဆရာစူးကို သချာပေါက် အများကြီး ပေးမှာပါ"

စူးရန်၏အမူအရာက စက္ကန့်ပိုင်းမျှ ပြောင်းလဲသွားပြီးနောက် ပုံမှန်အနေအထားသို့ ပြန်ပြောင်းသွား၏။

" အားဆေးကိုတော့ ဝမ်းမြောက်စွာနဲ့ သောက်မှာပါ ဒါပေမဲ့ အလှတိုးဆေးကိုတော့ တစ်ခြားလူတွေကို ပေးလိုက်တာ ပိုကောင်းမယ် မဟုတ်လား"

"အင်း ဆရာစူး ပြောတာမှန်တယ် ဆရာစူးရဲ့ ပုံပန်းသွင်ပြင် အပြုအမူနဲ့ဆိုရင် မြို့တော်က အချောမောဆုံး လူတွေထဲက တစ်ယောက်ပဲ ဥစ္စာ ဒီလိုဆေးမျိုး ဘယ် လိုအပ်မှာလဲ..."

ယွီရှောင်ချောင်းက လျှာထုတ်လျက် လက်ထဲက ကြောင်ဆိုးလေးဟန်ပြုမူသည်။ သူမကလည်း ရှံဖန်ရှံခါ သူမလက်သည်းတွေ ထုတ်ပြရတာကြိုက်ပါသေးသည်။

***